## အမျိုးသားကင်ဆာအထူးကုဌာန(စင်္ကာပူ)တည်နေရာ




- MRT — ဘူတာ
- ဆေးရုံမှကြိုပို့ကားမှတ်တိုင်
- P — ကားရပ်ရန်နေရာ
- B- — ဘတ်(စ်)ကားမှတ်တိုင်

National Cancer Centre Singapore
SingHealth


ဖုန်း : **(65) 6436 8000**
ဖက်စ် : **(65) 6225 6283**
National Cancer Centre Singapore
11 Hospital Drive
Singapore 169610
www.nccs.com.sg



Reg No 199801562 Z


National Cancer Centre Singapore
SingHealth

# အပြည်ပြည်ဆိုင်ရာလူနာများအတွက်လမ်းညွှန်
# ဆေးပညာရှင်များပူးပေါင်းညှိနှိုင်းကုသသော
# ကင်ဆာပြုစုကုသခြင်း







## ဆေးပညာရှင်များပူးပေါင်းညှိနှိုင်းကုသသောနည်းလမ်းဖြင့် ကင်ဆာရောဂါကို ပြုစုကုသခြင်း

အမျိုးသားကင်ဆာအထူးကုဌာန(စင်္ကာပူ)သည် နိုင်ငံနှင့်ဒေသဆိုင်ရာကင်ဆာရောဂါအထူးကုဌာနကြီးဖြစ်ပြီး ကင်ဆာရောဂါ အမျိုးမျိုးတို့အား ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါကုသခြင်းအတွက် ဦးတည်လုပ်ဆောင်လျက်ရှိသောဌာနကြီးဖြစ်ပါသည်။ အထူးသဖြင့် ရင်ခေါင်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းနှင့်အသည်းကင်ဆာ၊ ဦးခေါင်းနှင့်လည်ပင်းပိုင်းဆိုင်ရာကင်ဆာရောဂါတို့ ပါဝင်ပါသည်။ စင်္ကာပူပြည်သူ့ဆေးရုံတိုင်းရှိ ကင်ဆာရောဂါဝေဒနာခံစားနေရသောလူနာများထဲမှ (၆၉)ရာခိုင်နှုန်းနှင့် စင်္ကာပူတစ်နိုင်ငံလုံးရှိ ကင်ဆာရောဂါဝေဒနာရှင်များထဲမှ (၅၀)ရာခိုင်နှုန်းသည် စင်္ကာပူနိုင်ငံအမျိုးသားကင်ဆာအထူးကု ဌာနတွင် ဆေးကုသမှုခံယူလျှက်ရှိသည်။

စင်္ကာပူနိုင်ငံအမျိုးသားကင်ဆာအထူးကုဌာနသည် စင်္ကာပူရှိကင်ဆာရောဂါအထူးကုဆရာဝန်အများဆုံး စုစည်းထားသောဆေးရုံဖြစ်ပြီး တစ်နေရာတည်း၌ပင်ပြီးပြည့်စုံသောကုသမှုကို ခံယူရရှိနိုင်သောဌာနကြီးဖြစ်သည်။ နောက်ဆုံးပေါ်ခေတ်အမီဆုံးပစ္စည်းကိရိယာများနှင့် ကုသမှုနည်းစနစ်ကောင်းများ၊ အထူးသဖြင့် အသေးစားအစားထိုးကုသခြင်းနှင့် ကင်ဆာဆဲလ်များကိုတိုက်ရိုက်ဦးတည်သော ကုသနည်းများကြောင့် အောင်မြင်မှုရလဒ် အကောင်းဆုံး၊ အများဆုံးနှင့် ဘေးထွက်ဆိုးကျိုးခံစားရမှုလည်း အနည်းဆုံးဖြစ်အောင် ကုသပေးနိုင်ခြင်းဖြစ်သည်။

အမျိုးသားကင်ဆာအထူးကုဌာနကြီးတွင် လုပ်ငန်းဆောင်ရွက်ရာ၌ အတူတကွပူးပေါင်းတိုင်ပင်၍ကုသပေးနိုင်ရန် စီစဉ်ထားသောကြောင့် ကင်ဆာ အထူးကုဌာနခွဲအချင်းချင်း လိုအပ်သလို တစ်နေရာတည်း၌ပင်လွှဲပြောင်းညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအထူးကုများအလိုက် ဓာတ်ရောင်ခြည်၊ ခွဲစိတ်နှင့် ကင်ဆာဆေးသွင်းကုသခြင်းတို့ကိုလည်း လိုအပ်သလို တစ်နေရာတည်း၌ ဆေးကုသမှုခံယူရရှိနိုင်ပါသည်။ ယခုကဲ့သို့ အဖက်ဖက်မှ အထောက်အကူပြုဆောင်ရွက်ပေးနေသောကြောင့်လည်း ကင်ဆာဝေဒနာရှင်များအနေဖြင့် မျှော်လင့်ချက်ကောင်းများနှင့် သက်တမ်းပြည့် နေထိုင်သွားနိုင်ကြောင်း သာဓကများ တွေ့ရှိရပါသည်။

စင်္ကာပူနိုင်ငံအမျိုးသားကင်ဆာအထူးကုဌာနသည် ကင်ဆာရောဂါနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ပြီး လူထုကျန်းမာရေးအသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျှက်ရှိသည်။








## နိုင်ငံခြားသားလူနာများအတွက်ဝန်ဆောင်မှုဌာန

နိုင်ငံခြားသားလူနာများအတွက်ဝန်ဆောင်မှုဌာနမှ နိုင်ငံရပ်ခြားတိုင်းပြည်များမှလာရောက်ဆေးကုသမှုခံယူလိုသော လူနာများနှင့်မိသားစုဝင်များအတွက် အောက်ပါဝန်ဆောင်မှုများကို ပေးလျှက်ရှိပါသည်။

- အထွေထွေစုံစမ်းမေးမြန်းမှုများ
- လူနာလွှဲပြောင်းယူခြင်းနှင့်ဆရာဝန်ရက်ချိန်းတောင်းပေးခြင်း
- ကင်ဆာရောဂါရှိ/မရှိ အသေးစိတ်စစ်ဆေးမှုပြုလုပ်ပေးခြင်း
- တည်းခိုနေထိုင်မှုအဆင်ပြေချောမွေ့စေရန် စီစဉ်ပေးခြင်း
- ခရီးသွားလာရေးအတွက် ဝန်ဆောင်မှုပေးခြင်း
- ဗီဇာသက်တမ်းတိုးမြှင့်ပေးခြင်း
- လူနာတင်ယာဉ်စီစဉ်ပေးခြင်း
- စကားပြန်လိုအပ်လျှင် စီစဉ်ပေးခြင်း
- ဧည့်သည်များအတွက် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်း

နိုင်ငံခြားသားလူနာများအတွက်ဝန်ဆောင်မှုဌာနမှ စင်္ကာပူနိုင်ငံသို့လာရောက်ဆေးကုသသော ဝေဒနာရှင်လူနာများအတွက် လေဆိပ်ကြိုပို့နှင့် လိုအပ်ပါက လူနာတင်ယာဉ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

## ဆရာဝန်ရက်ချိန်းယူခြင်းနှင့်လူနာလွှဲပြောင်းယူခြင်း

အကယ်၍ လူနာရှင်များဘက်မှ ကင်ဆာအထူးကုဆရာဝန်တစ်ယောက်ယောက်နှင့်တိုင်ပင်ဆွေးနွေးလိုပါလျှင် ဖက်စ် **Fax** (သို့မဟုတ်) အီးမေးလ် **E-mail** မှတဆင့် ဆေးမှတ်တမ်းများကို နိုင်ငံကာလူနာများအတွက်ဝန်ဆောင်မှု **(FPS)** သို့ ကြိုတင်၍ပေးပို့ထားနိုင်ပါသည်။ ထို့နောက် သင့်လျှော်သောအထူးကုဆရာဝန်ကြီးနှင့် ရက်ချိန်းအတိုင်းတွေ့နိုင်ရန် စီစဉ်ပေးလျှက်ရှိပါသည်။

ပိုမိုသိရှိလိုပါက ဆက်သွယ်စုံစမ်းရန် –

**နိုင်ငံခြားသားလူနာများအတွက်ဝန်ဆောင်မှုဌာန**
**Foreign Patient Service**

ဖုန်း : (65) 6236 9433
ဖက်စ် : (65) 6536 0611
အီးမေးလ် : foreign_patient@nccs.com.sg